# ပုဂံခေတ်မြန်မာဝေါဟာရများစစ်တမ်း

ပါရဂူ (PhD) ဘွဲ့အတွက်တင်သွင်းသောကျမ်း

မခင်ဥမ္မာအောင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ ခုနှစ်၊ ဇွန်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပုဂံခေတ်မြန်မာဝေါဟာရများစစ်တမ်းကို ဖော်ထုတ်လေ့လာထားသောကျမ်းဖြစ်ပါသည်။ မြန်မာစာအရေးအသားပေါ်ဦးစ ပုဂံခေတ်က ရေးထိုးထားခဲ့သည့် ပုဂံခေတ်ကျောက်စာများ၊ မင်စာများ၊ အုတ်ခွက်စာများကို ကိုးကား၍ မြန်မာဝေါဟာရများကို လေ့လာတင်ပြထားပါသည်။ ဤကျမ်းတွင် ပုဂံခေတ်ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာများလာ ဝေါဟာရများထဲမှ အုပ်ချုပ်ရေးဆိုင်ရာ မြန်မာဝေါဟာရများ၊ သာသနာရေးဆိုင်ရာ မြန်မာဝေါဟာရများ၊ အနုသုခုမဆိုင်ရာ မြန်မာဝေါဟာရများ၊ ဆွေမျိုးစပ်ဆိုင်ရာ မြန်မာဝေါဟာရများ၊ တိရစ္ဆာန်ဆိုင်ရာ မြန်မာဝေါဟာရများ၊ အစားအသောက်ဆိုင်ရာ မြန်မာဝေါဟာရများ၊ လူအမည်ဆိုင်ရာ မြန်မာဝေါဟာရများကို ဖော်ထုတ်လေ့လာတင်ပြထားပါသည်။ ထိုမြန်မာဝေါဟာရများကို လေ့လာတင်ပြရာတွင် ဝေါဟာရများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဖွင့်ဆိုထားသည့်ဝေါဟာရများကို မည်သို့သုံးထားကြောင်း ကျောက်စာသာဓကများကို အက္ခရာစဉ်အတိုင်း ဖော်ပြထားပါသည်။ ဖော်ပြထားသော ဝေါဟာရအသုံးများကို သက္ကရာဇ်၊ ကျောက်စာအမည်၊ ပုံအမှတ်၊ ကြောင်းရေတို့ကို ပူးတွဲတင်ပြထားပါသည်။ ကျမ်း၏အဆုံးတွင် ခြုံငုံသုံးသပ်ချက်၊ နိဂုံး၊ကျမ်းကိုးစာရင်းနှင့် အက္ခရာစဉ်အညွှန်းတို့ကို တင်ပြထားပါသည်။